# What can we expect from God now? Spiritual Truth 1

## ယခုချိန်တွင် ဘုရားသခင်ထံမှ ကျွန်ုပ်တို့ဘာကိုမျှော်လင့်နိုင်ပါသနည်း- အမှန်တရား ၁

ဤအက်ဆေးများသည် ခက်ခဲချိန်တွင်ယုံကြည်သူများအနေဖြင့် ဘုရားသခင်ကိုမည်သို့ယုံကြည်နိုင်သည့်အကြောင်း အလေးပေး ရေးသားထားခြင်းဖြစ်သည်။



*Jesus meets two disciples on the road to Emmaus- Charters Cathedral, France*

ဘုရားသခင်ဘယ်မှာလဲ။ ဘုရားက ဘာလို့ငါတို့ကိုမကူညီရတာလဲ။ ဘုရားတကယ်ဘဲအလုပ်လုပ်နေ လို့လား. . . သင့်အနေဖြင့် ဤကဲ့သို့သော မေးခွန်းမျိုးစဉ်းစားမိပါက ယခုဖြစ်ပျက်နေသောအရာများအပေါ်တွင် သင်အမှန်တကယ်ဂရုပြုအလေးထားနေကြောင်း သိသာထင်ရှားပါသည်။ သင်သည်ဘုရားသခင်ကိုယုံကြည်နေပြီး၊ ဘုရားအနေဖြင့် ကြီးမားသောအကူအညီတစ်ခုခုပေးနိုင်ကြောင်းကို ယုံကြည်နေခြင်းကြောင့်ဖြစ်သည်။ သို့သော် ဘုရားသခင်၏တည်ရှိခြင်း၊ ကူညီဖေးမခြင်းများကို သင်မျှော်လင့်ထားသလောက်မမြင်တွေ့ ရသောအခါတွင်၊ ယခုထက်ဘုရား၏ကူညီမှုကိုလိုအပ်နေသော်လည်း ထင်သလောက်ဖြစ်မလာသောအခါတွင် သင်စိတ်ရှုတ်ထွေးနေမည်၊ စိတ်ပျက်နေမည် သို့မဟုတ် ကြောက်ရွံ့နေမည် ဖြစ်သည်။

ဤအက်ဆေးသည် “ယခုချိန်တွင် ဘုရားသခင်ထံမှ ကျွန်ုပ်တို့ ဘာကိုမျှော်လင့်နိုင်ပါသနည်း” ဆိုသည့်ခေါင်းစဉ်အောက်တွင် ရေးသား သော အခန်းဆက် အက်ဆေး ၇ပုဒ်ထဲမှ အမှတ်စဉ်-၁ အက်ဆေးဖြစ်သည်။ ဤအက်ဆေးများသည် ကျမ်းစာအခြေပြုသော ဝိညာဉ်ရေးအမှန်တရားများဖြစ်ပြီး ဘုရားကိုသိသော၊ ချစ်သော၊ ဘုရားအမှုတော်ထမ်းဆောင်သောလူများအတွက်၊ ခက်ခဲချိန်တွင် ဘုရားကိုမည်သို့ယုံကြည်နိုင်ကြောင်း သိချင်လိုသူများအတွက် ရေးသားထားခြင်းဖြစ်သည်။

**ဝိညာဉ်ရေးအမှန်တရား ၁-** ဘုရား၏အလိုတော်နှင့် လမ်းခရီးတော်ကို သင့်အနေဖြင့်နားလည်ရန်အကန့်အသတ်ရှိကြောင်း သတိပြုပါ။ ဘုရားထံမှလာသော မည်သို့သောအရာမျိုးကိုမဆို ခံယူတတ်စေပါ။ (ဟေရှာယ ၅၅း၁-၉၊ လုကာ ၂၄း၁၃-၂၂)

ဘုရားသခင်ထံမျှော်ကိုးသော ကျွန်ုပ်တို့၏ဆန္ဒများကိုသေချာစွာဆန်းစစ်ကြည့်ပါက- အများစုမှာ မိမိစဉ်းစားသည့်အတိုင်း၊ မိမိအလို ဆန္ဒအတိုင်း ဘုရားလုပ်ပေးမည်ဟုသာ မျှော်လင့်နေကြခြင်းဖြစ်သည်။ မိမိတို့ဖတ်မိလိုက်သော ကျမ်းပိုဒ်တစ်ခုခုထဲမှဖြစ်စေ၊ တရားဟော ဆရာဆီမှကြားလိုက်ရသောအရာဖြစ်စေ ထိုဂတိတော်အပေါ်တွင် ဆန္ဒပြုခြင်းဖြစ်သော်လည်း သေချာစွာဆန်းစစ်ပါက မိမိတို့၏ဆန္ဒ အတိုင်းဘုရားကို လုပ်ခိုင်းခြင်း၊ မိမိဆန္ဒအတိုင်း ဘုရားလုပ်ပေးရန်မျှော်လင့်ခြင်း စသည်တို့သာဖြစ်နေတတ်ပါသည်။ ကျွန်ုပ်တို့မျှော်လင့် သည့်အတိုင်းဘုရား မလုပ်ပေးပါက မည်သို့ဖြစ်လာပါသနည်း။ ကျွန်ုပ်တို့အနေဖြင့် နာကျင်ခြင်း၊ စိတ်ရှုတ်ထွေးခြင်း၊ စိတ်ပျက်ခြင်း၊ စိတ်ဆိုးဒေါသထွက်ခြင်း အထိပင်ဖြစ်လာပါတော့သည်။ ထို့ကြောင့် စာရေးသူမေးလိုသည်မှာ- ဘုရားကိုအပြစ်တင်ရမည်လော့၊ သို့မဟုတ် သင့်မျှော်လင့်ချက်(ဆန္ဒ)များက မှားယွင်းနေခြင်းလော့။

ကျွန်ုပ်တို့မျှော်လင့်သလိုဘုရား မလုပ်ပေးပါက အံ့ဩမနေသင့်ကြောင်း ကျမ်းပြုဆရာများက ကြိမ်ဖန်များစွာ ရေးသားထား ပါသည်။ အကြောင်းပြချက်မှာ ရိုးရှင်းပါသည်။ သင်ရော ကျွန်ုပ်ပါ ဘုရား၏စိတ်တော်ကို မသိနိုင်ခြင်း၊ နားမလည်နိုင်ခြင်း၊ ထို့အပြင် ဘုရားပြုသောအရာကိုမမြင်နိုင်ခြင်း၊ ပြုပြီးသည့်အရာကို နှောင်တွင် ပြန်ပြောင်းဆင်ခြင်ကြည့်မှ သဘောပေါက်သိရှိနိုင်ခြင်းတို့ကြောင့်ဖြစ် သည်။

**ကျွန်ုပ်တို့ ဘာကိုနားလည်ထားရန်လိုပါသနည်း။**

ပရောဖက်ဟေရှာယ မှတဆင့်ဣသရေလလူမျိုးများကို ဘုရားသခင်ပြောကြားသည်မှာ -ဘုရား၏ လမ်းခရီးတော်သည် ကျွန်ုပ်တို့နှင့်မတူ ညီကြောင်းဟူ၍ ဖြစ်သည်။ ဟေရှာယ ၅၅း၈-၉ "ထာဝရဘုရားမိန့်တော်မူသည်ကား ငါ၏အကြံအစည်သည် သင်တို့၏အကြံအစည် နှင့်မတူ၊ ငါ၏အကျင့်သည်လည်း သင်တို့၏အကျင့်နှင့်မတူ။ မိုးကောင်းကင်သည်မြေကြီးထက်သာ၍မြင့်သကဲ့သို့ ငါ၏အကျင့်သည် လည်း သင်တို့၏အကျင့်ထက်၄င်း၊ ငါ၏အကြံအစည်သည် သင်တို့၏အကြံအစည်ထက်၄င်း သာ၍မြင့်၏။"

ပရောဖက်ဟေရှာယ ကဘုရားသခင်ပြုသောဆန်းကြယ်အံ့ဖွယ်သောအရာများ (ဘုရားမလုပ်သောအရာများ အပါအဝင်)ကို စေ့စပ်ဆင်ခြင်ခြင်း မလုပ်သင့်ကြောင်းပြောဆိုထားသည်။ ထိုသို့ပြုမည့်အစား ကျွန်ုပ်တို့နားလည်နိုင်သော၊ ဆင်ခြင်အကျိုးထုတ်နိုင်သော အရာများပေါ်တွင်သာ အာရုံစိုက်သင့်သည်။ ဤကျမ်းချက်တွင် ဟေရှာယပြောလိုသည်မှာ ဘုရား၏အလိုတော်ကို ဣသရေလလူတို့ ဆင်ခြင်ရင်း သူတို့၏အတွင်းပိုင်းဝိညာဉ်ရေးကို ဖြည့်တင်းဖို့ရန်ဖြစ်သည်။ ဘုရားသခင်သည် ကမ္ဘာမြေပေါ်တွင်မည်သို့အလုပ်လုပ်နေ ကြောင်း သူတို့မသိနိုင်သော်လည်း ဘုရားသခင်ပေးသော ချစ်ခြင်း၊ သနားခြင်း၊ ကျေးဇူးပြုခြင်း စသည်တို့အပေါ်အာရုံစိုက်ပါက သူတို့အနေဖြင့် အကျိုးရရှိခံစားရမည်ဖြစ်သည်။ မိမိတို့ပြုလျက်ရှိသော အပြစ်တို့မှနှောင်တရပြီး သူတို့မျှော်လင့်သောအရာများ၊ ဝိညာဉ်ရေးလိုအပ်ချက်များကို ဘုရားဖြည့်ဆည်းပေးရန် အခွင့်ပေးရမည်ဖြစ်သည်။ ဟေရှာယ ၅၅း၁-၃ တွင် "အိုရေငတ်သောသူ အပေါင်းတို့ ရေရှိရာသို့လာကြလော့။ ငွေမရှိသောသူတို့ လာကြ။ ဝယ်၍စားသောက်ကြလော့။ ငွေမပါဘဲအဘိုးကိုမပေးဘဲ လာ၍စပျစ် ရေနှင့်နို့ကိုဝယ်ကြလော့။ အစာမဟုတ်သောအရာဘို့ သင်တို့ငွေရင်းကို၄င်း၊ အမွတ်မပြေနိုင်သောအရာအဘို့ သင်တို့ဥစ္စာကို၄င်း အဘယ်ကြောင့် ကုန်စေကြသနည်း။ ငါ့စကားကိုစေ့စေ့နားထောင်လျက်၊ ကောင်းသောအစာကိုစားကြလော့။ သင်တို့၏ဝိညာဉ်သည် ချိုသော အရာတို့၌မိမိကို မိမိမွေ့လျော်စေလိမ့်မည်။ နားညွှတ်သောနားနှင့်ငါ့ထံသို့လာကြလော့။ နားထောင်ကြလော့။ သို့ပြုလျှင် သင်တို့၏ဝိညာဉ်သည် အသက်ရှင်ရလိမ့်မည်။ ငါသည်လည်းသင်တို့နှင့်ထာဝရပဋိညာဉ်ပြု၍ ဒါဝိတ်၌မြဲမြံသော ကျေးဇူးတော်ကို သင်တို့ အားပေးမည်။"

ခက်ခဲချိန်တွင် ကြောက်ရွံ့စိုးထိန့်လွန်းခြင်းကြောင့် အကူအညီဘယ်မှာရနိုင်သည်ကို မေ့လျော့သွားတတ်ကြသည်။ မရနိုင်သည့်အရာများ (အဖြေမရသောမေးခွန်းများအတွက် အဖြေရှာခြင်း၊ လုံခြုံမှုအတွက်အာမခံချက်၊ကျန်းမာခြင်းအတွက်အာမခံချက်၊မှားယွင်းမှုထဲမှ သက်တောင့်သက်သာဖြစ်လိုမှု၊ ကျွန်ုပ်တို့အတွက်အရေးကြီးသောအရာသို့သော်ထိုအရာကိုလက်လှမ်းမမှီနိုင်ခြင်း) ပေါ်တွင်သာ တွယ်ကပ်နေပါက ပဋိပက္ခနှင့်စိတ်မကျေနပ်ခြင်းထဲ၌သာ နှစ်မြုပ်နေမည်ဖြစ်သည်။ ထိုသို့နားမလည်နိုင်သောအရာအပေါ်သွေဖယ်ပြီး ကျွန်ုပ်တို့လက်လှမ်းမှီသောအရာပေါ်တွင် အာရုံစိုက်လိုက်ပါက ကြီးမားသောအတွင်းစိတ်ငြိမ်းချမ်းမှုကိုခံစားလာရမည်ဖြစ်သည်။ ပြဿနာများကိုရင်ဆိုင်ရန် ပြင်ဆင်ပြုပြင်လာမှာဖြစ်ပြီး ကျွန်ုပ်တို့အထဲ၌ဖြစ်စေ၊ ကျွန်ုပ်တို့အားဖြင့်ဖြစ်စေ ဘုရားမည်သို့သောကောင်းမြတ်မှု များကိုလုပ်ဆောင်မည်ကို ပို၍မြင်လာနိုင်မည်ဖြစ်သည်။

## သင့်မျက်စိကိုမြင်စေရန် ယေရှုအားအခွင့်ပေးပါ

ဓမ္မသစ်ကျမ်းစာထဲတွင် ဧမောက်သို့သွားရာလမ်း၌ ယေရှုနှင့်တပည့်တော်နှစ်ဦးတွေ့ဆုံခန်း ပါရှိပါသည်။ ထိုတပည့်တော်နှစ်ဦးသိထားသည်မှာ ယေရှုကားစင်တင်သတ်ခြင်းခံရပြီး သင်္ချိုင်းဂူထဲတွင်မြုပ်နှံခံရခြင်းဖြစ်သည်။ ထိုကြောင့် သူတို့ဘဝမျှော်လင့်ချက်များ၊ အနာဂတ်များ လှဲပြိုသွားပြီး၊လောင်မြိုက်ကုန်သည်။(သင် ထိုခံစားချက်မျိုးကြုံဖူးမှာပါ) သို့သော် ထိုတပည့်တော်နှစ်ယောက်မသိ၊မမြင်ကြသည်မှာ ဘုရားက ခက်ခဲချိန်အတွင်းအလုပ်လုပ်နေခြင်းဖြစ်သည်။ ယေရှုသည် ရှင်ပြန်ထမြောက်ခဲ့ပြီဖြစ်သည်။ ယေရှု၏သေခြင်းနှင့် ရှင်ပြန်ထမြောက်ခြင်းအားဖြင့် ကမ္ဘာကြီးအတွက်ကယ်တင်ခြင်းနှင့်မျှော်လင့်ခြင်းကို ယူဆောင်လာခဲ့ပြီးဖြစ်သည်။ အမှန်မှာ ဝမ်းနည်း ပူဆွေးလွန်း၍ ယေရှုသူတို့နှင့်စကားလာပြောသည်ကိုပင် မမှတ်မိနိုင်ခြင်းဖြစ်သည်။ ရှင်လုကာကျမ်းတွင် ယေရှုသည်သူတို့ထံချဉ်းကပ်၍ "အဘယ်ကြောင့်မျက်နှာညှိုးငယ်သနည်း" ဟုမေးတော်မူခဲ့သည်။ (လုကာ ၂၄း၁၇)



ဘဝ၏ခက်ခဲချိန်၊မသေချာမရေရာချိန်များတွင် ခေါင်းငိုက်စိုက်လျက်၊ အရာအားလုံးဆုံးရှုံးပြီဟူ၍ "တန့်"သွားသည့်အချိန်မျိုးကို သတိထားရန်လိုသည်။ ဘဝ၏အခက်အခဲများအပေါ်နားမလည်နိုင်ချိန်၊ အဖြစ်အပျက်များအပေါ်

ဘုရားမည်သို့ပါဝင်မည်ကို မသိရချိန်တွင် သင်၏အကန့်အသတ်ရှိမှုကိုပြန်လည်သတိရပါ။ ဖြေရှင်းရန်မဆိုထားနှင့် သင်စဉ်းစား၍ပင်မရသောနည်းလမ်းဖြင့် ဘုရားသခင်အလုပ် လုပ်နေသည်ကိုသိထားရန်လိုပါသည်။

ဘုရားသခင်က COVID-19 ဗိုင်းရပ်စ် ကိုဖြစ်စေသည်၊ သို့မဟုတ် အရာအားလုံးအဆင်ပြေချောမွေ့သွားမည် ဟူ၍ ကျွန်တော်မဆိုလို ပေ။ ထိုသို့မဟုတ်ပါ။ သို့သော်ဤအရာက ပရောဖက်ဟေရှာယပြောသည့် အရာကို အမှတ်ရစေသည်။ ဘုရားသခင်၏လမ်းသည် ကျွန်တော်တို့၏လမ်းမဟုတ်ပေ။ ဘုရားသည်လူသားများကို အံ့သြမှင်သက်စေနိုင်သည်။ ကျမ်းစာထဲတွင် ဘုရားသခင်သည် မျှော်လင့်ချက်မဲ့သော၊ ဆိုးယုတ်သော၊ဆုံးရှုံးသော၊ ကပ်ဘေးကျရောက်သော၊ ဒုက္ခရောက်သောအချိန်များ၌ အကောင်းဘက်သို့ပြုပြင်လုပ် ဆောင်ပေးကြောင်းဖော်ပြထားသည်။ ဧမောက်လမ်း၌ ယေရှုရှင်ပြန်ထမြောက်သည်ကိုမသိဘဲပူဆွေးနေသော တပည့်တော်နှစ်ယောက်၏ မျက်စိကိုယေရှု ဖွင့်ပေးသကဲ့သို့ ကျွန်ုပ်တို့၏မျက်စိကိုလည်း ယေရှုဖွင့်ပေးရန်လိုပါသည်။ ခက်ခဲချိန်တွင် မည်သည့်နည်း၊ မည်သည့် လမ်းများဖြင့် သူလုပ်ဆောင်မည်ကိုမသိနိုင်သော်လည်း ကျွန်တော်တို့လုပ်နိုင်သည်မှာ သခင်ယေရှုထံမျှော်ကြည့်ခြင်းပင်ဖြစ်သည်။

## **ဝိညာဉ်ရေးဆိုင်ရာကျင့်သုံးခြင်း**

ဆိုလိုရင်းမှာ မိမိစိတ်ထဲတွင်ရှိသောအရာ၊ လိုအပ်သောအရာများအတွက်ဆက်လက်ဆုတောင်းပါ။ ကျွန်ုပ်တို့၏ အလေးအနက်ဆုတောင်း ခြင်းကို ဘုရားသခင်အဖြေပေးပါက တစ်စုံတစ်ယောက်၏ ရောဂါပျောက်ခြင်း၊ လွတ်မြောက်ခြင်း၊ ထောက်ပံ့ခြင်း၊ လိုအပ်ချက်များ ပြည့်စုံသွားနိုင်ပါသည်။ သို့သော် သင်ဆုတောင်းသည့်အတိုင်း ဖြစ်မလာလျှင်လည်း စိတ်မပျက်လိုက်ပါနှင့်။ ဘုရားနှင့်ဆက်သွယ်ခြင်းကို မရပ်တန့်လိုက်ပါနှင့်။ ခရစ်တော်အားဖြင့် မမြင်နိုင်သည်များကို မြင်လာစေရန်တောင်းလျှောက်လျက်၊ သန့်ရှင်းသောဝိညာဉ်တော် ထံမှခွန်အားဖြင့် အဆိုးထဲမှ အကောင်း သင့်အားဖြင့်ဖြစ်လာစေရန်တောင်းလျှောက်ပါ။ မည်သို့ပင်ဖြစ်လာပါစေ သင့်ထံပေးအပ်ထားသော အရာကိုရှာဖွေဖို့ရန်မမေ့လျော့ပါနှင့်။ အပြစ်မှနောင်တရလျက်၊ သင့်ဘဝအတွက်ဘုရားအလိုတော်ရှိသောအရာမှ သင့်ကို သွေဖယ်စေသောအရာနှင့် လက်တွဲဖြုတ်လိုက်ပါ။ ငွေဖြင့်မဝယ်နိုင်သော ဘုရား၏ကျေးဇူးတော်၊ သနားခြင်းဂရုဏာ၊ ဝိညာဉ်အာဟာရများကိုရှာဖွေစားသုံးပါ။ သနားခြင်း၊ ချစ်ခြင်းမေတ္တာအရှင်ဘုရားသခင်ပြောသည်မှာ- “နားညွတ်သောနားနှင့်ငါ့ထံသို့လာကြလော့။ နားထောင်ကြလော့။ သို့ပြုလျှင်သင်တို့၏ဝိညာဉ်သည် အသက်ရှင်ရလိမ့်မည်” (ဟေရှာယ ၅၅း၃)

**မှတ်ချက်-** ဤအက်ဆေးများသည် “ဝိညာဉ်တော်ဦးဆောင်သောခေါင်းဆောင်-ခေါင်းဆောင်မှု လက်တွေ့ ကျင့်ထုံး၉ချက်နှင့် စိတ်ဝိညာဉ် ရေးအခြေခံမှုများ” စာအုပ်၏ အခန်း၈- “ဘုရားသခင်ကိုယုံကြည်ခြင်း” ခေါင်းစဉ်ကိုအခြေခံလျက် ဆက်စပ်တွေးခေါ် ရေးသား ထားခြင်းဖြစ်သည်။